မင်းလူ

# သူကလည်းသူ ကျွန်တော်ကလည်းကျွန်တော်



ညဆယ်နာရီ ထိုးပြီ။ ဆိုင်သိမ်းတော့မည်ဟု စိတ်ကူးသည် ။ အိပ်ချင်သောကြောင့်တော့ မဟုတ်။ လက်ဖက်ရည်ဆိုင် ထိုင်ချင်သောကြောင့် ဖြစ်သည် ။ နေ့လယ်ကတည်းက ဆိုင်မှာ ထိုင်နေခဲ့ရသဖြင့် ညောင်းနေပြီ။

ဒီနေ့ ပြန်အပ်သော စာအုပ်များ စာရင်းနှင့် ရရှိငွေကို စစ်ဆေးသည် ။ မနေ့က ငှားသွားပြီး ပြန်မအပ်သေးသော စာအုပ်များ ၊ ဒီနေ့မှ အသစ် ထပ်ငှားသွားသော စာအုပ်များ စာရင်းကို ကြည့်သည် ။

မဆိုးလှ။ တစ်နေ့ ပျှမ်းမျှ ငါးဆယ်ကျော်လောက်တော့ ဝင်သည် ။ တစ်လတစ်လ စာအုပ် တစ်ထောင်ကျော်ဖိုးလောက် ဝယ်ရသဖြင့် သူ့အတွက် လေးငါးရာလောက်တော့ ကျန်၏။ တစ်ယောက် တည်းသမားဖြစ်သဖြင့် ဒီလောက်ဆိုလျှင် နေထိုင်စားသောက်လို့ ဖြစ်သည် ။

သူသည် အရက်လည်း မသောက်တတ်ချေ။ တစ်နေ့လျှင် ဆေးပေါ့လိပ် လေးငါးလိပ်လောက် သောက်တတ်သည် ကလည်း သုံးမတ်ထက် ပိုပြီးမကုန်။ အဝတ်အစားဆိုလည်း အတော်အသင့် သပ်ရပ် လျှင် တော်ပြီ။

အရင်က တစ်ဖက်ခန်းမှ အိမ်ရှင်တွေဆီ ထမင်းလခပေးစားသည် ။ ကြာတော့ စားရတာ ရိုးအီ လာသည် ။ နောက်ပြီး သူက ထမင်းကို အချိန်မှန်မှန် မစားတတ်။ ညဆိုင်သိမ်းပြီးမှ စားချင်စားသည် ။

တစ်ခါတလေလည်း မစားဖြစ်တော့ဘဲ မြို့ထဲမှာ ပဲ စားချင်စားလာတတ်သည် ။ ငွေအပိုမကုန်ရအောင် အိမ်မှာ ချည်း မပျက်မကွက် စားဖို့ ကြိုးစားနေရသည် က အလုပ်တစ်ခု ဖြစ်လာ၏။

ထို့ကြောင့် သူ့ဘာသာပင် ဖြစ်သလို ချက်ပြုတ်စားလိုက်သည် ။ တစ်ခါတလေ ဟင်းဝယ်စား၊ တစ်ခါတလေ ဆိုင်မှာ ထွက်စားသည် ။

သူ့ဝင်ငွေသည် နည်းနည်းပါးပါး ပိုတတ်၏။ ထိုဝင်ငွေကို သူ့အတွက် အသုံးအဆောင်ပစ္စည်းများ ဝယ်ခြင်း၊ စာအုပ်အငှားဆိုင်အတွက် လိုအပ်သည် များ ဝယ်ခြင်း၊ သာရေးနာရေးအတွက် သုံးခြင်းတို့ ပြုလုပ်နိုင်သည် ။ ထို့ကြောင့် အခြေအနေ မဆိုးလှပဟု ဆိုနိုင်သည် ။

စာရင်းစာအုပ်ကို အံဆွဲထဲ ပြန်ထည့်ပြီး အံဆွဲကို ပိတ်သည် ။ တိုင် မှာ ချိတ်ထားသော ရှပ်အင်္ကျီကို ယူဝတ်သည် ။ ငွေများကို ရှပ်အင်္ကျီအိတ်ထဲ ထည့်လိုက်သည် ။

ဆိုင်တံခါး ပိတ်မည်အလုပ်မှာ ပင် စာအုပ်ငှားမည့်သူ တစ်ယောက် ရောက်လာသည် ။ ရပ်ကွက်ထဲ က ကောင်မလေးတစ်ယောက်။ သူ့မောင်လေးလည်း အဖော်အဖြစ် ပါလာသည် ။

“မီးမီး(စာပေးစာယူ)ရဲ့ နောက်ဆုံး ထွက်တဲ့ စာအုပ် ရှိလား”

“မရှိဘူး”

“သူများ ငှားသွားလို့ လား”

“ မဟုတ်ဘူး ၊ အဲဒီစာအုပ် ဆိုင်မှာ မတင်ဘူး”

“ဟင် … ဘာဖြစ်လို့ လဲ၊ အဲဒီလောက် လူကြိုက်များ တာကို”

“ဘာမှ မဖြစ်ပါဘူး၊ မတင်ချင်လို့ ”

"ဘာစာအုပ်တွေ အသစ်ထွက်တာ ရှိလဲ"

ဟု ကောင်မလေးက ထပ်မေးသည် ။

"စမ်းစမ်းနွဲ့ (သာယာဝတီ) ရှိတယ်"

သူက ဖြေသည် ။ ကောင်မလေးက မျက်မှောင်ကြုတ်ပြီး ...

"အင်း ... ကြားတော့ ကြားဖူးတယ်၊ စာရေးတာ သိပ်မကြာသေးဘူးထင်တယ်"

"အေး ... ဟုတ်တယ်၊ မကြာသေးဘူး၊ နှင့်မောင်လေးတစ်သက်လောက်ပဲ ရှိဦးမယ်"

"ဟယ် ... ဟုတ်လား၊ တစ်ခါမှ မဖတ်ဖူးသေးဘူး၊ ကောင်းလား"

"ကောင်းတယ်၊ ဖတ်ကြည့်ပါလား"

သူက စင်ပေါ်က စာအုပ်ကို ယူပေးသည် ။ ကောင်မလေးက စာအုပ်နာမည်ကို ခပ်တိုးတိုး ဖတ်သည် ။

"တစ်ကောင်တည်းပဲ၊ ဒါပေမဲ့ ခြင်္သေ့၊ ဟင် ... အမဲလိုက်တဲ့ အကြောင်း ရေးထားတာလား"

သူ ရယ်လိုက်မိသည် ။

"မဟုတ်ပါဘူး၊ ခြင်္သေ့လို ရဲရင့်တဲ့ မိန်းကလေးတစ်ယောက်အကြောင်း ရေးထားတာ၊ နင်တို့ မိန်းကလေးတွေ ဖတ်ကြည့်ဖို့ ကောင်းတယ်"

"အင်းလေ ... ဖတ်ကြည့်သေးတာပေါ့"

ကောင်မလေးက စာအုပ်ကို ယူလိုက်သည် ။ ပြီးတော့ ရုပ်ပြစာအုပ်စင်ဘက် သွားပြီး၊ ရုပ်ပြတစ် အုပ် ထပ်ယူသည် ။ သူက

စာရင်းစာအုပ်ကို ပြန်ထုတ်ပြီး မှတ်လိုက်သည် ။

ထို့နောက် ဆိုင်ပိတ်ပြီး ထွက်လာခဲ့၏။

အညောင်းပြေ လမ်းလျှောက်ရင်း ဘီအိုစီဘက်မှာ လက်ဖက်ရည်သွားသောက်မည်။ ရွှေစပါးနှံက လက်ဖက်ရည် ကောင်းသည် ။

* * *

ညောင်မုတ်ဆိတ်ပင်အောက် စားပွဲမှာ ကိုရေခဲ ထိုင်နေသည် ကို တွေ့ရသည်။ သူ့ကို ကိုရေခဲက လှမ်းမြင်သည်။

"မင်း လာလိမ့်မယ် ထင်လို့ ငါစောင့်နေတာကွ"

ဟု ပြောသည်။ သူက ကုလားထိုင်တစ်လုံး ဆွဲထိုင်ရင်း ...

"ခင်ဗျားက ကျွန်တော် လာမယ်ဆိုတာ ဘယ်လိုလုပ်သိတာလဲ"ဟု ပြန်မေးလိုက်သည်။

"ဟာ ... ဒီအရွယ်အထိ မိန်းမ မရတဲ့ ကောင်မျိုးတွေ ဒီလိုအချိန်မျိုးဆို နေမထိ ထိုင်မသာ ဖြစ်ပြီး လမ်းသလားနေတတ်ကြတာပဲကွ"

"ဒါဆို ခင်ဗျားကျတော့ကော"

"ငါလည်း ဒီအချိန်မှာ တော့ မင်းနဲ့ ဘာထူးသလဲ၊ ငါ့မိန်းမက ပဲခူးရောက်နေတာပဲ"

ကိုရေခဲဇနီး မလှလှမြင့်သည် ပဲခူးမှာ အလယ်တန်းပြ ဆရာမဖြစ်သည် ။ ရန်ကုန်သို့ ပြောင်းခွင့် မရသေး။ တစ်ပတ်တစ်ခါ ရန်ကုန်သို့ ပြန်လာသည် ။ သားသမီးမရှိ၍ ကသီလင်တတော့ မဖြစ်ကြချေ။

"မင်းဆိုင်ဘက်တောင် လျှောက်လာဦးမလို့ ၊ ဒီအချိန်ဆို မင်းဆိုင်သိမ်းပြီး ထွက် လာလောက်ပြီ ဆိုပြီး မလာတော့တာ၊ မင်း

ဆိုင်သိမ်းတာ နောက်ကျတယ်ထင်တယ်”

“ဟုတ်တယ်၊ သိမ်းကာနီးမှ စာအုပ်ငှားတဲ့ လူ ရောက်လာလို့ ”

ဆိုပြီး စောစောက ကောင်မလေး စာအုပ်လာငှားသည့်အကြောင်း ပြောပြသည် ။ ကိုရေခဲက ...

“နေစမ်းပါဦး၊ မင်းက အဲဒီ မီးမီး(စာပေးစာယူ)ရဲ့ စာအုပ်တွေ ဘာကြောင့် ဆိုင်ပေါ် မတင်တာ လဲ”

“ကျွန် တော့် ဆို င် မှာ ရုဒိုးစာရေးဆရာရဲ့ စာအုပ် မတင်ဘူးလို့ ဆုံးဖြတ်ထားတယ်”

ကိုရေခဲက ပြုံးသည် ။

“ရုဒိုး စာရေးဆရာဆိုရင် မင်းဆိုင် မတင်ဘူး ဆိုရင်တော့ မကြာခင် မင်း ငတ်သွားနိုင်တယ်”

“ပင်ကိုယ်ရေး စာရေးဆရာတွေ အများကြီးပါဗျာ၊ လုံး ချ င်း လော က မှာ ပင်ကိုယ်ရေး စာရေး ဆရာတစ်ယောက် အသစ်ထွက်လာဖို့ က ရှားရှားပါးပါး ဖြစ်နေတယ်၊ ရုဒိုးစာရေးဆရာတွေသာ ဟော တစ်ယောက် ဟောတစ်ယောက် ထွက်လာတာ များ တာပဲ၊ မဂ္ဂဇင်းတွေထဲမှာ သာ အရည်အချင်းရှိတဲ့ ကလောင်သစ်တွေကို လိုက်ရှာပြီး ဖတ်နေရတယ်”

“ကျွန်တော်ကတော့ ရုဒိုးစာရေးဆရာတွေ ဆိုင်ပေါ် မတင်ချင်ဘူးဗျာ၊ ကျွန်တော့်ဆိုင်က မဝယ်လို့ ရုဒိုးသမားတွေအတွက် ဘာမှ တော့ မထိခိုက်နိုင်ဘူးပေါ့၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ အားမပေးချင် ဘူး”

စားပွဲထိုးလေးတစ်ယောက်က သူ့အကြိုက် သိပြီးဖြစ်၍

လက်ဖက်ရည်အချိုပေါ့ ဆိမ့်ဆိမ့်ကလေး လာချပေးသည် ။ ကိုရေခဲက …

“မင်းကသာ အားမပေးတာ၊ အခု တစ်ယောက် ထပ်ထွက်ဦးမယ်လို့ သတင်းကြားတယ်၊ မီးမီး (စာပေးစာယူ)ရဲ့ ညီမ မြေးမြေး(အ.ထ.က)တဲ့ ”

“အေးဗျာ … မြစ်မြစ်(မူကြို)ဆိုပြီး ထွက်ဦးမလား မသိဘူး”

သူ လက်ဖက်ရည် တစ်ငုံငုံတုန်း ကိုရေခဲက မေး၏။

“မင်းက ဆိုင်မှာ စာအုပ်ရွေးတယ်ဆိုတော့ ကိုက်ရော ကိုက်ရဲ့ လား”

“မဆိုးပါဘူး၊ ဟိုစာအုပ်တွေ မတင်တဲ့ အတွက် နည်းနည်းတော့ ဝင်ငွေလျော့နိုင်တာပေါ့၊ ဒါပေမဲ့ တခြား ဝတ္ထုတို့ ၊ ကာတွန်းတို့ ၊ ရုပ်ပြတို့ ရှိသေးတာပဲ၊ ပြီးတော့ ကျွန်တော်က မဂ္ဂဇင်းတွေ စုံအောင်တင်တယ်၊ ဘာသာပြန်တွေထဲလည်း သန့်သန့်လေးတွေ တင်သေးတယ်၊ ကျွန်တော်တို့ ရပ်ကွက်မှာ က အငှား ဆိုင်ဆိုလို့ ကျွန်တော့်ဆိုင်တစ်ဆိုင်ပဲ၊ ဒီတော့ အခြေအနေ မဆိုးဘူးလို့ ဆိုရမယ်၊ စားလောက်သောက် လောက်တော့ ရှိပါတယ်လေ”

“စားလောက်ရုံ မဖြစ်သေးဘူးလေ၊ စုဖို့ ဆောင်းဖို့ က ရှိသေးတယ်”

“ဘာအတွက် စုရမှာ လဲ”

“ဟ … မင်း တစ်သက်လုံး ဒီလိုနေသွားလို့ ဘယ်ရမလဲ၊ လူဆိုတာ သီးချိန်တန်သီး၊ ပွင့်ချိန်တန် ပွင့်ရတယ်ကွ”

“တော်စမ်းပါဗျာ၊ အေးအေးဆေးဆေး နေပါရစေ”

“မနေနဲ့ လို့ မပြောပါဘူး၊ နေပါ၊ ဒါပေမဲ့ တကယ်လို့ များ ခုချိန်မှာ

မင်းကြိုက်တဲ့ သူ တစ်ယောက် ယောက် တွေ့ လာပြီဆိုပါတော့၊ မင်းမှာ စုပြီးဆောင်းပြီးသား မရှိရင် ဒုက္ခရောက်မှာ ပေါ့ကွ”

“တွေ့ မှာ လည်း မဟုတ်ပါဘူးဗျာ၊ စိတ်လည်း မဝင်စားပါဘူး၊ ခင်ဗျားကို မြင်ရတာနဲ့ စိတ်ကုန် လွန်းလို့ ၊ ဘယ့်နှယ်ဗျာ၊ လင်မယားရယ်လို့ အတူတူမှ မနေကြရတာပဲ၊ တစ်ယောက်က ရန်ကုန်မှာ ၊ တစ်ယောက်က ပဲခူးမှာ ၊ တစ်ပတ်မှာ တစ်ခေါက်လောက် သမီးရည်းစားတွေလို ပြန်တွေ့နေကြရတာ၊ ဘယ်လောက်ဆိုးသလဲ”

“ဟကောင်ရ ... အဲဒါမှ အချစ်က အမြဲတမ်း ဆန်းသစ်နေတာပေါ့ကွာ၊ အမြဲတမ်း အတူတူနေရ ရင် ကြာတော့ ငြီးငွေ့လာရော၊ ခုတော့ ဘယ်လောက်ဟန်ကျသလဲ၊ တစ်ပတ်မှာ ငါးရက်လုံးလုံး မတွေ့ရ တော့ လွမ်းနေကြရော၊ ကျန်တဲ့ နှစ်ရက်မှာ မှ တွေ့ကြရတော့ အတိုးချပြီး ချစ်လို့ ရတာပေါ့”

သူက မျက်နှာကို ရှုံ့မဲ့လိုက်ပြီး ...

“ခုအတိုင်းပဲ လွတ်လွတ်လပ်လပ် နေပါတော့မယ်ဗျာ”

“တော်တော် အပြောကြီးတဲ့ ကောင်၊ မင်းလိုကောင်မျိုးတွေပေါ့၊ တကယ်တွေ့ပြီဆိုရင် သူများ ထက် ပိုသည်းတတ်တာ၊ အေး ... နေနှင့်ဦးပေါ့ကွာ”

ကိုရေခဲက သူ့ဘာသာ သဘောကျပြီး ရယ်နေသည် ။

* * * * *

မီးသွေးကုန်နေသဖြင့် သွားဝယ်ရ၏။ မီးသွေးဖိုနှင့် ချက်ရပြုတ်ရသည် မှာ တော်တော် စိတ်ညစ် ဖို့ ကောင်းသည် ။ သူသည် ဒီမီးဖိုနှင့် ချက် လာပြီဖြစ်သည့်တိုင် မီးမွှေးသည့်အခါတိုင်း

စိတ်မသက်မသာ ဖြစ်ရမြဲပင်။

မီးမွှေးရာတွင် အလျင်ရစေရန် အချို့က ထင်းရှူးချောင်းကလေးတွေ သုံးသည် ။ သူကတော့ လွယ်လွယ်ကူကူပင် ဆေးလိပ်တိုများကို ရေနံဆီစိမ်၍ မီးရှိန်ရအောင် လုပ်တတ်၏။ ရေနံဆီဖိုး ပိုကုန်သော်လည်း မြန်မြန် မီးတောက်တတ်သဖြင့် ထိုနည်းကိုပင် သုံးလေသည် ။ တစ်ခါတစ်ခါ စိတ်မရှည်နိုင်ဘဲ မီးသွေးခဲတွေအပေါ် ရေနံဆီနည်းနည်း ထပ်ဖြန်းလိုက်သေးသည် ။ ပြီးတော့ မီးသွေးခဲ ကြီးကြီးသုံးလျှင် မီးရှိန်ရရန် ကြာတတ်သော်လည်း အလေအလွင့် သက်သာသည် ။ ဒါတွေလည်း သူဂရုမစိုက်နိုင်။ မီးမြန်မြန်တောက်အောင် အခဲသေးသေးတွေသာ သုံးသည် ။

ဒီနေ့လည်း အမြန်ဆုံးနည်းဖြင့် မီးဖိုပြီး ထမင်းအိုးတည်ထားလိုက်၏။ ဟင်းကတော့ ဝက်အူ ချောင်းနှင့် ကြက်ဥကို ရောပြီး ကြော်စားမည်။ ပဲဟင်း ငါးမုန့်ဖိုး ဝယ်မည်ဟု စိတ်ကူးထားသည် ။

ညက စားသောက်ထားသော ပန်းကန်တွေအိုးတွေ မဆေးရသေး။ အလျင်အမြန် ဆေးကြော လိုက်သည် ။ စင်သလား မစင်သလားတော့ မသိ။ တစ်ခါတလေလည်း ဟင်းဆီက မစင်ဘဲ ဖြစ်နေသည် ။ တစ်ခါတလေလည်း ဆပ်ပြာတွေ အဖတ်လိုက် ကပ်ချင် ကပ်နေတတ်သည် ။

“အစ်ကိုရေ … အစ်ကို”

အိမ်ရှေ့မှ ခေါ်သံကြားသဖြင့် ထွက်ကြည့်သည် ။

ရပ်ကွက်ထဲက ကောင်လေးတစ်ယောက်။

“ဆိုင်မဖွင့်သေးဘူးလား အစ်ကိုရ”

“ထမင်းဟင်း ချက်နေလို့ ကွ၊ လာလေ”

ကောင်လေးက အိမ်ထဲဝင် လာပြီး ...

“အစ်ကိုကလည်း ဗျာ၊ ဆိုင်ထွက်ရတာ တစ်ဖက်၊ မြို့ထဲ စာအုပ်သွားဝယ်ရတာ တစ်ဖက်၊ ထမင်း ဟင်းချက်ရတာ တစ်ဖက်နဲ့ ၊ မလွယ်ပါဘူး၊ မိန်းမယူလိုက်ပါလားဗျ၊ ဒါဆို မီးဖိုချောင်ကို လှည့်ကြည့်စရာ မလိုတော့ဘူး၊ ဆိုင်အေးအေး ထွက်လို့ ရတာပေါ့”

“မလုပ်ပါနဲ့ ကွာ၊ မိန်းမယူလိုက်မှ ထဘီပါ လျှော်ပေးနေရလို့ ဆိုင်ပိတ်ပစ်ရပါဦးမယ်”

စိတ်ထဲမှာတော့ ဒီရက်အတွင်းမှာ မိန်းမယူဖို့ ပြောတဲ့ လူ နှစ်ယောက်ရှိပြီဟု တွေးမိသည် ။

“ကဲ ... ဆိုစမ်းပါဦး၊ ဘာကိစ္စလဲ၊ စာအုပ်ငှားမလို့ လား”

“ဟုတ်ကဲ့ ... မောင်မိုးသူ ရှိလား”

“အေး ... ရှိတယ်၊ လင်းယုန်တို့ အောင်ပွဲ မဟုတ်လား၊ ဘာလဲကွ၊ မင်းက ဘာသာပြန်တွေ ဖတ်နေပြီလား”

“ကျွန်တော် ဖတ်မလို့ မဟုတ်ပါဘူး၊ ကျွန်တော်တို့ ဘကြီးက ငှားခိုင်းလို့ ”

သူက ကောင်လေးကို စာအုပ်ဆိုင်သို့ ခေါ်သွားသည် ။ ဆိုင်တံခါးကို နောက်ဖက်မှ ဖွင့်ဝင်သည် ။ စင်ပေါ်မှ စာအုပ်ကို ယူပေးသည် ။

“တစ်တွဲတည်းလား၊ ဒုတိယပိုင်းပါ တစ်ခါတည်း ပေးလိုက်ပါ”

ကောင်လေးက ပြောသည် ။

“ဟာ ... ဒီလောက်အထူကြီး နှစ်အုပ်ကို တစ်ရက်တည်းနဲ့ ဘယ်ပြီးပါ့မလဲကွ၊ နက်ဖြန်မှ ဒုတိယ ပိုင်းယူပေါ့၊ တစ်ခါတည်း နှစ်အုပ်ယူသွားရင် တစ်ရက်ကို နှစ်အုပ်စာ ပေးနေရမှာ ပေါ့ကွ”

“ပေးချင် ပေးရပါစေတဲ့ ၊ ဘကြီးက တစ်အုပ်ပြီးတာနဲ့ နောက်တစ်အုပ် ဆက်ဖတ်ချင်နေတာ၊ တော်ကြာ နက်ဖြန်လာလို့ သူများ ငှားသွားရင် တစ်ရက်မစောင့်နိုင်ဘူးတဲ့ ”

“မငှားစေရပါဘူးကွာ၊ ငါအာမခံပါတယ်”

“ဘကြီးက စာဖတ်မြန်တယ်ဗျ”

“ဒီလိုလုပ်ကွာ၊ ခု ... ပထမပိုင်း ယူသွား၊ ညကျလို့ ဖတ်ပြီးသွားရင် ဒုတိယပိုင်း လာယူပေါ့၊ ဒီနေ့ ပထမပိုင်း မပြီးဘူး ဆိုရင်တော့ နက်ဖြန်မှပဲ ဒုတိယပိုင်းယူပေါ့”

“ဒီကြားထဲ သူများကို မငှားလိုက်နဲ့ နော်”

“မငှားပါဘူးကွ၊ ဘာဖြစ်လို့ လဲဆိုတော့ ဒုတိယပိုင်းက ငါဖတ်နေတုန်းမို့လို့ ညနေလောက်မှ ပြီးမှာ ”

ကောင်လေး စာအုပ်ယူပြီး ထွက်သွားသည် ။ သူ အိမ်ထဲ ပြန်ဝင်ပြီး မီးဖိုချောင်ထဲအရောက်တွင် ထမင်းအိုးက ဆူပြီး မီးဖိုထဲတွင် ထမင်းရည်တွေ တရှဲရှဲ ဝေကျနေသည် ကို တွေ့သဖြင့် အမြန်ပြေးသွားပြီး အဖုံးကို ဆွဲဖွင့်လိုက်ရသည် ။

* * *